# တိမ်တောက်ချိန်

"ကျနေသည် ပိုပူ၏" လို့ အယူရှိခဲ့သူ ကျနော်ဟာ
တိမ်တောက်ချိန်တွေ လှတယ်ဆိုတာကို
အတည်ပြုတက်လာပါတယ်။

တိမ်တောက်ချိန်ဆိုတာ
နေ့အဟောင်းကို
အပြုံးကောင်းကောင်းလေးနဲ့
နှုတ်ဆက်နေတာလည်း ဖြစ်ရဲ့
အပျိုပေါက်စလေးက
ရှက်သွေးဖြန်းအပြုံးလေးနဲ့
အားရပါးရ နှုတ်ဆက်နေသလိုမျိုး။

တကယ်တော့
တိမ်တောက်ချိန်ဆိုတာ
တနေကုန်
ပူပြင်းလောင်တောက်ခဲ့တဲ့
နေ
သူ့ကိုယ်သူ ခဝါချနေသလိုမျိုး။

ကာလပေါ်တေးတပုဒ်ရဲ့အလိုအရ
တိမ်တောက်ချိန်ဟာ
မလှတဲ့လူကို လှစေသတဲ့။

ကိုဖိုးဇေရေ ...
ချယ်ရီတွေလှတယ်ဆိုတာ
အနှစ်တသောင်းကတည်းက သေချာတယ် ဆိုပေမယ့်
တိမ်တောက်ချိန်တွေလှတယ်ဆိုတာကတော့
ကမ္ဘာဦးကတည်းက သေချာခဲ့တာပေါ့ဗျာ။

သေချာခဲ့တာပေါ့ဗျာ
တကယ်တော့ သေချာခဲ့တာပေါ့
တိမ်ရောင်စုံတွေ သဘောထားကြီးပြီး
မစုစည်းမိဘူးဆိုရင်
တိမ်တောက်ချိန်ဆိုတာ ဘယ်ရှိလာပါ့မလဲ။

"ကျနေသည် ပိုပူ၏" လို့ အယူရှိခဲ့သူ ကျနော်ဟာ
တိမ်တောက်ချိန်တွေ လှတယ်ဆိုတာကို
အတည်ပြုတက်လာပါတော့တယ်။

ညိုထက် (လမ်းသစ်ဦး)